**အသိပေးကြေညာချက်( ၉ /၂၀၂၄)**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၇-၈-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၄) ဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါပြင်ဆင်သတ်မှတ်ချက်သည် ၈-၈-၂၀၂၄ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကဖြေလျှော့ဆောင်ရွက်ပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်မှုအား သိရှိဆောင်ရွက်နိုင်ပါရန် ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန